စိုးမိုးစာပေ

# ဗျူး

## တိမ်နံ့တသင်းသင်းကို တစ်ပွင့်စီပန်



Digital Art: Idea Kyaw & Wai Yan

အခန်း(၁) "ပက် . . . ပက် အဲဒီကောင်မလေး နှုတ်ခမ်းနီတွေ မေးစေ့မှာ ရွဲကျကုန်အောင်ပက်"

"ဟိုလူကြီး မညစ်ပတ်နဲ့ အား . . .မလုပ်နဲ့ နော်"

"ဗွမ်း"

"ဟား သွားပါပြီ မာမီနဲ့ ဘုန်းကြီးကျောင်းလိုက်သွားမလို့ ဥစ္စာ"

"လုပ်မနေပါနဲ့ နှုတ်ခမ်းနီရဲရဲ စကတ်အကွဲကြီးနဲ့ ဘုန်းကြီးကျောင်း သွားစရာလား၊ ဘုရားကိုညာတဲ့ အပြစ်ပါ ထပ်ရမှာ စိုးလို့ ဆေးကြော ပေး လိုက်တာ ဟီး . . . ဟီး . . ."

သင်္ကြန်ရက်ကြီးမှာ မဏ္ဍပ်စင်ပေါ်မှာ လည်း သီချင်းဆိုတဲ့ သူတွေ တစ်ယောက်ပြီးတစ်ယောက်မနား၊ မဏ္ဍပ်အောက်မှာ လည်း ရေတွေပ က်ကြ စနောက်ကြနှင့် ရေပိုက်တွေမကိုင်ဖြစ်တော့ဘဲ ရေခွက်သံတွေနဲ့ ပုံးတွေနဲ့ အသည်းအသန် ခွက်စောင်းခုတ်ကာ ဆူညံနေတော့သည် ။

. . . ဒီသင်္ကြန်ပွဲ အကုန်လုံးရွှဲစို . . .

သီချင်းသံကလည်း လိုတာထက်ပို၍ အာခေါင်ခြစ်အော်နေသဖြင့် နားထောင်မကောင်းတော့ဘဲ စူးစူးရှရှကြီးဖြစ်နေသည် ။ အားလုံး ရေ ကြောင်းထဲမှာ မျောပါတော့မတတ် စိုရွှဲချောင်းစီးနေကာ ချမ်းလည်း ချမ်းနေကြပြီ၊ သို့သော် ဘယ်သူမှ ချမ်းလိုက်တာလို့ ပြောသံမထွက်ဘဲ တဝါးဝါး . . . တဟားဟား . . . ပျော်ရွှင်နေကြ၏။

"ဒီ . . . ဒီမှာ ဦး . . ."

ပြေကျော်မျက်နှာကြီး တွန့်ခနဲမဲ့သွားကာ နောက်လှည့်ကြည့်မိ၏။

ပေါင်လယ်လောက်ထိရှည်သော ကျစ်ဆံမြီးလေးနှစ်ဖက်ကျစ်ချကာ အဖြူရောင်ပါတိတ်နွမ်းနွမ်းလေးနှင့် နဖူးပြေပြေမှာ ဆံမြိတ်ပါးပါးလေး ချ ထားသည့် မိန်းကလေးသည် သူ့ကိုဦးလို့ ခေါ်ရလောက်အောင် က လေးမဟုတ် ဘာမဟုတ်။

"ဘာလဲ"

ခပ်ဆောင့်ဆောင့်အသံနှင့် မေးငေါ့လိုက်တော့ မိန်းကလေး နောက် ကိုတွန့်ခနဲဖြစ်သွား၏။ ပုံစံကိုက အူကြောင်ကျားလေး။

"ဟ . . . ဘာလဲလို့ မေးနေတာ ဖြေလေ . . ."

"ဟို ဒါ ဒါ ဒါ ခြံနံပါတ် (၄၃) ပေါ့နော်"

ပြေကျော်က တံခါးအုတ်တိုင်မှာ ကပ်ထားသည့် ခြံနံပါတ်နဲ့ ကောင် မလေးမျက်နှာကို အသွားအပြန် လေးခေါက်မျှကြည့်လိုက်ပြီး

"(၄၃) လို့ ရေးထားတာ မြင်ရက်သားနဲ့ ဟုတ်လားဆိုတော့ ဘာထပ်ဖြေရဦးမလဲ"

"ဒါဆို ဒီခြံက ဦးစိုးညွန့်အောင် ဒေါ်နုနုတင်တို့ ရဲ့ 'ချမ်းမြေ့မင်္ဂလာ' ခြံပေါ့နော်"

ပြေကျော် မျက်မှောင်ကြီးကုတ်သွား၏။

"ဟိုလေ . . . အမေက ခြံရှေ့မှာ 'ချမ်းမြေ့မင်္ဂလာ' ဆိုတဲ့ ဆိုင်းဘုတ် လေးရှိတယ်လို့ ပြောခဲ့လို့ ပါ။ အခု အဲဒါကိုမတွေ့လို့ . . ."

"မင်းက ဦးစိုးညွန့်မောင်တို့ အိမ်ကိုလာတာလား"

"ဟုတ်ကဲ့"

" မဟုတ်ဘူး "

"ရှင် . . ."

"ဟေး . . . ဘာလဲကွ"

ဇင်မောင်မောင်တို့ အဖွဲ့တွေ ဝိုင်းအုံလာကြသည် ၊ ပုံစံက ခပ်တုံးတုံး ၊ ဝတ်ဆင်ထားပုံက မှိန်ဖျော့ဖျော့ပေမယ့် ယဉ်စစချစ်စဖွယ်လေးဖြစ်နေသော မိန်းကလေးကို စပ်ဖြီးဖြီးလှမ်းကြည့်ကာ

"ဘာတွေ ဆွေးနွေးနေကြတာလဲ"

"ကမ္ဘာမြေရော . . ."

"ဘာလုပ်မလို့ လဲ"

"ခေါ်လိုက်စမ်းပါ"

ပြေကျော်က ခပ်တည်တည်ကြီးပြောနေသဖြင့် ဇင်မောင်မောင်က နောက်ပြန်လှည့်၍ လက်ခုပ်တီးခေါ်လိုက်သည် ။

မိန်းကလေးက ဘာမှ လည်း ဝင်မမေး၊ ဘယ်သူ့ကိုခေါ်မှန်းလည်း မသိတော့ ယောကျ်ားလေးတွေအလယ်မှာ ကြောင်တောင်တောင်လေး ရပ်နေရှာသည် ။

ထိုစဉ် ရေကစားနေကြသည့် အုပ်စုတွေဘက်မှ စပို့ရှပ်အနီရဲရဲ ဂျင်းပင်တိုတိုနှင့် ပြိုင်ဘီးကို ကုန်းကွစီးလာသော လူရွယ်တစ်ယောက် ရွှတ်ခနဲ ရောက်ချလာသည် ။ စက်ဘီးကို လျှပ်စီးလက်သလို စီးချ လာပြီး အနားရောက်မှ တံ့ခနဲ ဆွဲရပ်ပစ်လိုက်၍ မိန်းကလေး မျက်လုံးလေးပြူးကြည့် ကာ အသည်းယားသွား၏။

"ကမ္ဘာမြေ"

"ဘာလဲ"

"ဒီမှာ ကွ ဟောဒီခြံနံပါတ်က ဦးစိုးညွန့်မောင်တို့ ခြံလားတဲ့ "

ပြေကျော်က မေးဆတ်ပြသဖြင့် ကမ္ဘာမြေအကြည့်တွေ မိန်းကလေး ဆီရောက်သွား၏။

ပြေကျော်ကပဲ ဘယ်သူမှ ဘာမှ မပြောရသေးမီ ခပ်တည်တည်နှင့်

"ဒီခြံနံပါတ်က ( . . .) ပေမယ့် ဦးစိုးညွန့်မောင်တို့ ခြံ မဟုတ်ဘူး "

"ရှင် . . . ဒါ ဝင်ဒါမီယာ မဟုတ်ဘူး လားဟင်"

"သြော် ဟုတ်ပေမယ့် မဟုတ်ဘူး လို့ ပြောနေမှ ပဲ"

"ပြေကျော်"

ဇင်မောင်မောင် တစ်ခုခုဝင်ပြောဖို့ ပြင်တော့ ပြေကျော်က ဂရုမစိုက် သလို ဆက်ပြော၏။

"မင်းက ဦးစိုးညွန့်မောင်ကို မြင်ဖူးလား"

"ဟင့်အင်း"

"အေး မှတ်ထား အသားမည်းမည်း ပုပု နည်းနည်းအပေါက်ဆိုးတ ယ်။ သူတို့ ခြံက ဒီကနေ ငါးခြံကျော်မှာ ရှိတယ်။ ခြံရှေ့မှာ တံခါးရွက်နှစ် ခုနဲ့ . . ."

"ဟုတ်ကဲ့ . . ."

မိန်းကလေးခမျာ ပြေကျော်ပြောသမျှကို သေချာမှတ်သားလိုက်ပုံမျိုး နှင့် ရေရွတ်ပြီး လှည့်ထွက်သွားလေသည် ။ ဟမ်းဘက်အညိုရောင်သေး သေးလေးကို ကျပ်နေအောင်ဖက်၍ ရေစိုရွဲကပ်နေသည့် ကိုယ်လုံးလှလှ လေးကို နောက်ကနေလှမ်းကြည့်ကာ အားလုံးရယ်လိုက်ကြသည် ။

"တကယ်ကြောင်တာလေးပဲကွာ ခြံရှေ့မှာ တံခါးရွက်နှစ်ခုရှိပါတယ် ဆိုတာကို ဟုတ်ကဲ့တဲ့ "

"မင်းတို့ ကလည်း နောက်တာလွန်တယ်"

ကမ္ဘာမြေက စက်ဘီးပေါ်ကမဆင်းဘဲ ထွက်သွားသည့် ကောင်မလေးကို သမင်လည်ပြန်ကြည့်သည် ၊ ဘုမသိဘမသိနှင့် ခြံငါးခြံကြီးကို ခြေတို အောင်လျှောက်ရတော့မည့်အဖြစ်အတွက် စာနာလိုက်မိကာ

"နေဦး ငါ အနူးကိုသွားပြောလိုက်ဦးမယ်"

"ပြောမနေပါနဲ့ မင်းပဲလိုက်ခေါ်လိုက်"

"မခေါ်ချင်ပါဘူး"

ဒီလိုကတော့ ကမ္ဘာမြေကလက်မခံ။

တကယ်ဆို ဦးစိုးညွန့်မောင်က သူ့ဖေဖေ (၄၃) ခြံက သူတို့ ခြံပဲ . . .

ကောင်မလေးကတော့ ဝင်ဒါမီယာမှာ ခြေဆန့်ဖို့ ယွန်းသွားပြီး . . .

ဒီလိုပုံစံနဲ့ များ တစ်ယောက်တည်း မြို့တက်လာရသလား . . .

****

## အခန်း(၂) "သူက ဘယ်သူလဲအနူးရဲ့ "

"မသိဘူး မမကြီး ကိုလေးလိုက်ခေါ်ခိုင်းလို့ သွားခေါ်လာတာ"

"ဟော့တော် . . . သွားခေါ်စမ်း မြေလေးကို"

" လာပြီ မကြီး"

သူမတို့ ပြောနေကြတုန်း ရေတွေစိုရွဲနေသော ကမ္ဘာမြေက အနူးတို့နောက်မှာ ရောက်လာသည်။

အနူးကတော့ သကြ်န်ဆို ရေပက်ခံရမှာ ကြောက်လွန်းလို့ အပြင်မထွက်ဝံ့သမျှ ကိုလေးခိုင်းတာကြောင့် ဘာမှန်းညာမှန်းမသိသည့် ကျစ်ဆံမြီး နှစ်ဖက်ကျစ်နှင့်ကောင်မလေးကို လိုက်ခေါ်ရသည်။

ကြောက်ပါသည် ဆိုမှ ရေတွေရွှဲဆိုကုန်သည်။

ကောင်မလေးကို အိမ်ရှင်တွေရှေ့ရောက်အောင်ခေါ်ပေးပြီးသည် နှင့် ချမ်းလွန်းလို့ ဝင်ပြေးသွားတော့သည်။

ဧည့်ခန်းထဲမှာ ညွှန်မှူးကြီး ဦးစိုးညွှန့်အောင်တို့ ဇနီးမောင်နှံရော သမီးကြီးစိုးသက်မြေ၊ မိုးသက်မြေနှင့် ကမ္ဘာမြေတို့ မိသားစုငါးယောက် စုံစုံလင်လင်ရှိနေကြသည်။

သကြ်န်ခါရက်မို့ လူစုံနေကြခြင်းဖြစ်သည်။

"လာစမ်းပါဦး မြေလေးရယ် ရှေ့တိုးစမ်းပါ သူကဘယ်သူလဲ"

"မသိဘူးလေ"

"ဘာ"

"သား ဒီမိန်းကလေးက သားသူငယ်ချင်းလား"

" မဟုတ်ဘူး ဖေဖေ"

"ဒါဆို ဘာလို့ အနူးကိုလိုက်ခေါ်ခိုင်းတာလဲ"

"သူက ဖေဖေ့ကိုရှာနေတာ"

"ဟေ"

ဦးစိုးညွန့်မောင် မျက်မှန်ကြီးထဲက မျက်ခုံးနှစ်ဖက်မြင့်တက်သွား၏။

"နေပါဦး နေကြပါဦး ဒီမျက်နှာလေးကို မေမေသိတယ် မိန်းကလေး မင်းဘယ်သူ့သမီးလဲ ဟင်"

"ဒေါ်မြမြသွင်ရဲ့ သမီးပါရှင့်"

"အို . . ထင်တဲ့ အတိုင်းပဲ လာ . . . လာ . . . ဒီမှာ ထိုင်ပါဦးကွယ်"

"မြေလေး အင်္ကျီတွေသွားလဲလေ တော်ပြီမဟုတ်လား"

"တော်ပြီ"

ကမ္ဘာမြေက သူ့ကိုပဲ မျက်လုံးဝိုင်းလေးနဲ့ ငေးကြည့်နေသည့် ကောင်မလေးကို မျက်မှောင်ကုတ်ကုတ်ဖြင့် တစ်ချက်ပြန်ကြည့်ကာ လှည့်ထွက် သွား၏။

"မေမေရယ် မေမေ့အသိဆိုရင်လည်း ပြီးတော့မှ မေးမြန်းပါ ဒီမှာ ရေတွေစိုပြီး သူ့ခမျာ ချမ်းနေပြီ"

"ဩော် ဟုတ်သားပဲ အနူးရေ"

"ရှင် လာပါပြီ"

ရေစိုအဝတ်တွေကိုလဲထားပြီးသည့် အနူးက အပြေးအလွှားရောက်လာ၏။

"သူ့အတွက် အခန်းတစ်ခန်းကို ညည်းနဲ့ ကပ်လျက်မှာ သေချာလုပ်ရမယ် လောလောဆယ် သူ့ကိုခေါ်သွားပြီး အင်္ကျီလဲဖို့ လုပ်ပေးလိုက်"

"ဟုတ်ကဲ့ လာ ညီမလေး"

ဟမ်းဘက်လေးကလည်း ရေစိုနေသည် မို့ အင်္ကျီတွေက ခပ်ထိုင်းထိုင်းတွေပဲဖြစ်နေသည် ။

မိန်းကလေး အင်္ကျီထဘီတွေကို ကပျာကယာလဲကာ အပြင်ထွက်လာခဲ့၏။

တိုက်ကြီးတစ်တိုက်လုံးမှာ ခေတ်မီပရိဘောဂပစ္စည်းများ နှင့် ခံ့ညားထည်ဝါနေပြီး ကြမ်းမှာ ပေါ်လစ်ရောင်ရဲကာ လက်လက်တောက်နေလျက် မည်သည့်အခင်းကိုမှ ခင်းထားခြင်းမျိုးမတွေ့ရ။

သို့သော် ဤသည် ကပင် ပို၍ အမြင်ဆန်းနေပြန်သည် ။

ပြောင်လက်နီရဲနေသော ကြမ်းက နင်းရက်စရာပင်မရှိချေ။

သူမကို မိသားစုအားလုံးက စောင့်နေကြပြီး ဒေါ်နုနုတင်က လှမ်းခေါ်၍ အနားမှာ ထိုင်စေ၏။

"ပြောပါဦး မေးမယ့်သာမေးရတာ မြမြမရှိတော့လို့ သာ မင်း ဒီကိုရောက်လာတာဖြစ်မှာ ပါ"

"ဟုတ်ပါတယ် ဒေါ်ဒေါ် အမေမရှိတော့ပါဘူး"

"မြမြဆိုတာ ဘယ်သူလဲ မေမေ၊ မေမေ့သူငယ်ချင်းလား သူကဒီမှာနေမှာ လား"

မေးလာကြသည့် သမီးနှစ်ယောက်ကို ဒေါ်နုနုတင်က လက်ကာပြကာ . . .

"ဒီလို မြမြက မေမေ့ယောက်မနဲ့ ပတ်သက်နေတဲ့ ညီမတစ်ယောက်ပါ"

"ဖေဖေ့ ညီမပေါ့"

" မဟုတ်ဘူး ကွဲ့ မေမေ့အစ်ကို သမီးတို့ ဦးလေးရဲ့ ခယ်မ အဲဒီခယ်မရဲ့ ထပ်ဆင့်ယောက်မပေါ့ မြမြသွင်ဆိုတာ"

"ဆွေမျိုးစပ်လိုက်ရတာ မေမေရယ် ဘယ်လိုများ သိကြတာလဲ"

"သိဆို နှစ်ကြိမ်လောက်ပဲ ဆုံဖူးတာ သမီးရဲ့ ၊ ပထမတစ်ခါက ကိုကြီးယောက္ခမရဲ့ မွေးနေ့မှာ နောက်တစ်ခါကတော့ အိမ်မှာ ပါ၊ မြမြသွင်ဟာ သိပ်ကိုရိုးသားဖြူစင်ပြီး နူးညံ့တဲ့ မိန်းကလေးပါ၊ ဒါပေမဲ့ ခက်ထန်ကြမ်းတမ်းပြီး စရိုက်ကြမ်းတဲ့ ယောကျ်ားနဲ့ အကြောင်းပါခဲ့ရရှာတယ်၊ အဲဒါ မင်းရဲ့ အဖေပေါ့ ဘယ်လိုမှ တော့ မထင်နဲ့ ကွယ်"

မိန်းကလေးသည် မျက်ရည်လေးဝဲဝဲနှင့် မျက်လွှာချနေရှာသည် ။ အဖေဟာ ငွေကြေးချမ်းသာသည် လည်း မဟုတ်ပါဘဲနှင့် ဘာကြောင့် မောက်မာ တတ်မှန်းလည်း မသိပါ။

အမေ့ကိုဆို အသေနိုင်သည် ။

သူသာမက အဘွားတို့ ကပါ တစ်အိမ်လုံးက အမေ့ကိုနိုင်ကြသည် ။

သူမသိတတ်စအရွယ်ကတည်းက အမေ့ပါးပေါ်မှာ မျက်ရည်ကို သူမမြင်ခဲ့ရတာဖြစ်သည် ။

အဖေက အမေ့ထက် ဆယ့်ငါးနှစ်ကျော်ကျော် အသက်ကြီးသည် ။ ရ

ပ်ရည်လည်း အနည်းငယ်ကြမ်းသည် ။

အမေက ဖြူဖြူနုနုချောချောလေးဖြစ်ပါလျက်နှင့် အဖေ ဘာကြောင့် အမေ့ကို အလိုမလိုက်တတ်မှန်း ငယ်ငယ်ကတော့ မိန်းကလေးမသိခဲ့ပါ။ အရွယ်လေးရလာတော့ အမေ့ကိုဖွင့်မေးကြည့်မိသည် ။

"အမေမသိပါဘူး သမီးရယ် အမေလေ သူ့ကိုမချစ်ခဲ့ပါဘူး၊ အမေရဲ့ အစ်မ သမီးအဒေါ်က သူနဲ့ ရင်းနှီးပြီး သူပေးကမ်းသမျှ လက်ခံယူတယ်၊ ပြီးတော့ အမေ့ကိုအောင်သွယ်တယ် အမေလေ သမီးအဖေနဲ့ လက်မထ ပ်ရသေးခင်ကတည်းက သူ့ကိုကြောက်တာ၊ အောင်သွယ်ကောင်းလို့ ညားခဲ့ပေမယ့် စိတ်ကစားတဲ့ အရွယ်မို့ အမေသူ့ကို လုံးဝကိုချစ်တာ မဟု တ်ဘူး ၊ တကယ်တော့ ရင်ခုန်တာဟာ ရှက်လို့ ကြောက်လို့ ထိတွေ့မိလို့ အို . . . အမျိုးမျိုးပဲသမီးရယ်၊ ဒါကို ရင်ခုန်သံမြန်လာတိုင်း အချစ်လို့ မ ထင်မိဖို့ လိုတယ်၊ အမေဟာ ချစ်သူလည်း မထားဘူး အရွယ်ကငယ် ဖိုနဲ့ မ ထိတွေ့လိုက်မှုမှာ ရှက်ကြောက်ထူပူပြီး ရင်ခုန်သွားတာကို အချစ်လို့ ထင်ခဲ့တာ၊ ခုတော့ ဘာမှ မတတ်နိုင်တော့ဘူးလေ"

အဖေဟာ ထစ်ခနဲရှိ လက်ပါသည် ။

အမေကတော့ အဖေ့ထက် ရုပ်ရည်ချောသည် ၊ အသက်ငယ်သည် ၊ ပညာလည်း တတ်သည် ။

ဒါကိုမက်မောရမှန်း အလိုလိုက်ရမှန်းမသိသည့်အဖေက . . .

"မိန်းမဆိုတာ ချော့လေ ရောင့်တက်လေပဲ သူတို့ ကိုယ်သူတို့ ငါ့မှာ ငယ်ဂုဏ်ရှိတယ် ငါလှတယ်ဆိုပြီး မာန်တက်ချင်ကြတာ အဲဒါကို ချော့ မော့ ကြည့်ပါလား၊ နောက်ဆို ချော့ပေတော့ပဲ၊ အလကား ရောင့်တက်မ ယ် သူတို့ ဘာကောင်မပဲဖြစ်ဖြစ် ကိုယ်နဲ့ တန်လို့ ကိုယ်နဲ့ ညားလာတာ ဘာမှ အရေးပေးချော့မော့နေဖို့ မလိုဘူး"

ထိုစကားများကို လူပုံအလယ်မှာ ချပြောရဲသည့်သတ္တိလည်း အဖေ့မှာ ရှိသည် လေ . . .

ထိုအခါများ ဆို အနားမှာ ရှိနေကြသည့် တချို့ယောက်ျားများက

"ရောင့်တက်တယ်တော့ ဘယ်ဟုတ်မလဲဗျာ၊ စိတ်ကောက်တာ မိန်းမသဘာဝပဲကိုညို၊ ချော့ရမှာ ကလည်း ယောက်ျားသဘာဝပဲ၊ သူလည်း မိန်းမအလုပ်လုပ်တာပဲ၊ ကိုယ်လည်း ယောက်ျားအလုပ်လုပ် ဒါပဲရှိတယ် "

"အေးလေဗျာ ကိုညိုကြီးကလည်း မဟုတ်သေးပါဘူး၊ မိန်းမဆိုတာ အချော့ကြိုက်ဗျ"

"သူတို့ ကိုချော့ရင် ကိုယ်အရှုံးပေးရတာပဲ"

"ပေးရမယ်လေဗျာ အရှုံးမပေးနိုင်ဘူးဆိုရင် နိုင်ချင်တာဖြစ်သွားမှာပေ့၊ ယောက်ျားနဲ့ မိန်း သဘာဝကိုက ရောစပ်ထားတာမှ မဟုတ်ဘဲ အားနွဲ့ တဲ့ မိန်းမသားကို အလျှော့ပေးတာ အရှုံးပေးတာလို့ မြင်လို့ ဘယ်ဖြစ်မလဲ၊ ငါယောက်ျားဆိုပြီး အနိုင်လိုချင် လွယ်လွယ်လေးဟာကို မဟုတ်ဘူး လား"

"မှန်တယ် အဲဒါ ကြီးမြင့်တဲ့ စိတ်ဓာတ်ဗျ"

"တော်ပါဗျာ"

အဲဒီစကားဝိုင်းဖြစ်ကြတဲ့ ညက အဖေနဲ့ ထိုလူတွေ စကားများ ရန်ဖြစ်ကြပါသည် ။

ယောက်ျားချင်းမို့ သတ်ကြပုတ်ကြမည့်အထိ ဖြစ်ကြသော်လည်း မသတ်ဖြစ်ကြပါ၊ တကယ် သွေးထွက်သံယို အရိုက်ခံလိုက်ရသူက အမေပဲ

ဖြစ်လေသည် ။

ထိုစဉ်က မိန်းကလေးအသက် ဆယ့်လေးနှစ်ရှိပါပြီ။

"နင်က ဒီစကားတွေကြားပြီး မာန်တက်ချင်တာပေါ့လေ လူပါးဝဖို့ မစဉ်းစားနဲ့ မရဘူး မရဘူး . . . ကဲ"

ဘာတစ်ခွန်းမှ မပြောသည့်အမေ့ကို အဖေအတင်းဖိထိုးနေသဖြင့် အရပ်ကဝိုင်းဆွဲရတဲ့ အထိပင်

ဘေးလူကို မဲတိုင်းလည်း အမေရိုက်ခံရရှာသည် ။

အမေငိုရတဲ့ နေ့များမှာ မိန်းကလေးလည်း မျက်ရည်ကျရသည် ။

"အို ဆောရီးကွယ် သမီးဝမ်းနည်းသွားသလား . . ."

ဒေါ်နုနုတင်ရဲ့ နူးနူးညံ့ညံ့လေး တောင်းပန်သံထွက်ပေါ်လာမှ အတိတ်အာရုံမှာ နစ်မျောသွားခဲ့မိသော မိန်းကလေး ကိုယ့်ပါးပေါ်မှာ မျက်ရည် တွေကျနေတာကို သတိထားမိလိုက်သည် ။

"အန်တီက သမီးအမေကို ပြောချင်လို့ ပြောတာမဟုတ်ပါဘူး။ ဒါပေမဲ့ သမီးအမေကြောင်းပြောရင် သူပါမှ ဖြစ်မှာ လေ ပြီးတော့ . . ."

"ပြော . . . ပြောပါ ဒေါ်ဒေါ် ဒေါ်ဒေါ်ပြောတာမှန်ပါတယ်"

ဒေါ်နုနုတင်က စိတ်မကောင်းစွာ သက်ပြင်းတစ်ချက်ချမိလျက်

"သမီးရဲ့ ဖေဖေရော"

"အဖေက အမေ့ထက် နှစ်နှစ်စောပြီး ဆုံးသွားပါတယ် ဒေါ်ဒေါ် အဲဟို အန်တီ"

"သမီးက နာမည်ဘယ်သူတဲ့ လဲ"

"မိန်းကလေးပါ"

"ဘယ်လိုကွဲ့"

"နာမည်ကိုက မိန်းကလေးတဲ့ လား"

"ဟုတ်ပါတယ်ရှင့်"

"တည့်တည့်ကြီးပါလား ပြောပါဦး ဘာကြောင့် ဒီလိုမှ ည့်ထားတာ လဲ"

မကြီးက ပြုံး၍ မေးသည်။

"ဟို . . . မိန်းကလေးမို့လို့ မိန်းကလေးလို့ ပဲပေးတာထင်ပါတယ် မမ "

"ဟော့တော်"

"ဟင်း ဟင်း ဟင်း ရှင်းခိုင်းမှ ပဲ ရှုပ်တော့တယ်"

တမင်ရွှဲ့ဖြေတာမဟုတ်ဘဲ အူကြောင်ကြောင်ဖြေလိုက်ပုံလေးကို ထိုင်ကြည့်ကာ မငယ်က မိန်းကလေးကို သဘောကျနေသည်။

ဦးစိုးညွှန့်မောင်ရော ဒေါ်နုနုတင်ပါ ရယ်ကြလေသည်။

"ဟင်း . . ဟင်း . . ကဲ ထားပါတော့ သမီးကအခု အန်တီတို့ နဲ့ နေဖို့ လာတာမဟုတ်လား"

"ဟုတ်ကဲ့ အမေ နှလုံးရောဂါဖြစ်ပြီဆိုတာ စသိကတည်းက အမေက အန်တီ့ဆီကိုသွားဖို့ ပဲ ခဏ ခဏ ပြောခဲ့တာပါ"

"အေးပေါ့လေ ဒီလောက် လူဆင်းရဲစိတ်ဆင်းရဲဖြစ်နေရမှ တော့ ရောဂါမဝင်ဘဲ နေတော့မလား။ မေမေနဲ့ သူ စခင်ကြတော့ မွေးနေ့ပွဲမှာပဲ သမီးတို့ ရဲ့ ၊ ထူးဆန်းလိုက်တာလေ ခဏလေးပဲတွေ့ဖူးပြီး သူ့မျက်နှာ

ချောင်ချောင်လေးကိုမြင်တာနဲ့ မေမေ သူ့ကို အရမ်းသနားသွားတာ"

"သနားရအောင် သူ့အကြောင်း မေမေက အစက သိထားလို့ လား"

"သူနဲ့ မဆုံမိပေမယ့် ကိုကြီးမိန်းမ မေမေ့ရဲ့ ယောက်မက သူ့ယောက်မကြောင်းပြောပြတာပေါ့။ လင်ကံမကောင်းတဲ့ အကြောင်းလေ၊ ကြားဖူး နားဝတော့ရှိထားတာပေါ့နော်။ အဲဒီဧည့်ခံပွဲမှာ တော့ သူ့ကိုနိုင်ကြတဲ့ သူ့ယောက်ျားဘက်က အုပ်စုတွေကိုရော သူ့ကိုပါ ဆုံစည်းရမြင်လိုက်ရတာ အဲဒီတော့မှ ယောက်မပြောတာ မလွန်ဘူးဆိုတာ သိရတော့တယ်။ အဲဒါကြောင့် မေမေ သူ့ကိုစပြီး မိတ်ဖွဲ့အားပေးခဲ့တာ"

"အဲဒါ ရေစက်တွေပေါ့ကွ"

"ဟုတ်တယ်အစ်ကို သူ့ကိုလေ လိပ်စာလည်း ပေးခဲ့တယ်၊ အကူအညီလိုရင် လိုက်လာခဲ့ဖို့ လည်း ပြောမိတယ်၊ အခု သူ့သမီးလေးကို သူ့ဘွားအေ အဒေါ်တွေလက်ထဲမထားဘဲ ဒီကိုလွှတ်လိုက်တာကိုက သူကလည်း နုနုကို တကယ့်ကိုယုံကြည်အားကိုးလို့ ပေါ့"

"ဟုတ်တယ် မင်းမိတ်ဆွေဆိုပေမယ့် အစ်ကိုသဘောတူပါတယ်။ လိုတဲ့ အကူအညီပေးလိုက်ပါ။ ဒါနဲ့ မိန်းကလေးက ကျောင်းနေသေးလား"

"ဆယ်တန်းအောင်ပြီးပါပြီ . . . ဘဘ"

မိန်းကလေးက ဒေါ်ဒေါ်ခေါ်လိုက် ဘဘခေါ်လိုက် အန်တီဖြစ်သွားလိုက်နှင့် ကြိုက်သလိုခေါ်နေသည် ။

အားလုံးကလည်း ဘာမှ ပြောဆိုတားမြစ်ခြင်းမရှိကြပါ။

"ဒါဆို သမီးက ကျောင်းဆက်တက်ချင်စိတ်ရှိသေးလား"

"ရှိတာပေါ့ ဘဘရယ် ဒါပေမဲ့ ဖြစ်မှ မဖြစ်နိုင်တော့တာ"

"ဘဘတို့ က ဆက်ထားပေးမှာ ပေါ့ကွယ်"

မိန်းကလေးက ငြိမ်သက်နေကြသော မကြီးနဲ့ မငယ်ကို လှမ်းကြည့်လိုက်ပြီး

"ဘဘက ထားပေးမယ်ဆိုတော့ မမတို့ က ကျေနပ်ပါ့မလားဟင် တော်ကြာ ဘဘမရှိတဲ့ အချိန်တွေမှာ မိန်းကလေး အဆူခံရမှာ စိုးလို့ ပါ "

လူတွေရှေ့ထားပြီး ပေါ်တင်ကြီးပြောချလိုက်သဖြင့် မကြီးရော မငယ်ပါ လက်တို့ ၍ ရယ်ကြပြန်သည် ။

မိန်းကလေးက မလုံမလဲဝေ့ကြည့်ကာ . . .

"မိန်းကလေး ကျောင်းမတက်တော့ပါဘူး ဘဘ"

ဟု အထိတ်တလန့် ပြောလိုက်သေးသည် ။

မိန်းကလေးဆိုတဲ့ ကောင်မလေးကို ထိုနေ့မှ စ၍ အားလုံးက ချစ်ခဲ့ကြတာဖြစ်လေသည် ။

အသက်လည်း ငယ်လှသည် တော့မဟုတ် . . .

တောသူဆိုတာမျိုးလည်း မဟုတ် . . .

သာယာကုန်းဆိုတဲ့ ရွာလေးက ရန်ကုန်နဲ့ တစ်နေ့ကို နှစ်ခေါက်လောက် သွားပြန်လို့ ရသည့်နေရာဖြစ်သည် ။

ဘာကြောင့်များ မိန်းကလေးဆိုတဲ့ ကောင်မလေး ဒီလောက် အူကြောင်ကျားဖြစ်ရတာလဲ . . .

အမေနဲ့ အတူ သောကလှိုင်းတံပိုးတို့ ကို ကျော်ဖြတ်ရင်ဆိုင်ရင်း ကြောက်သွားခဲ့သည် လား . . .

ဘာပဲဖြစ်ဖြစ် သူတို့ ခွင့်လွှတ်ကြပါသည် ။

****

# အခန်း(၃) "ဟိတ်ကောင်မလေး"

"ရှင်"

ခရမ်းချဉ်သီးကို ဆီပြန်အောင်လုံးခြေနေရင်း မိန်းကလေးက လှည့်ကြည့်သည်။

"ဘာလုပ်နေတာလဲ"

"ဟင်းချက်နေတာ"

"ဟင်းချက်နေတာသိတယ် စားပွဲပေါ်မှာ ငါစားဖို့ ဘာမှ မရှိလို့ မေးတာ"

"ရှင်"

မိန်းကလေးက စားပွဲခုံဘက်ကိုလှမ်းကြည့်ပြီးမှ

"ဘာမှ မရှိတာ ဘာမှ မပြင်ရသေးလို့ နေမှာ ပေါ့ ကိုကို"

လူကြီးတွေက ကမ္ဘာမြေကို 'ကိုကို' လို့ ပဲခေါ်ရမည်ဟု မှာ ထားကြသဖြင့် မိန်းကလေးခေါ်ရပေမယ့် ရှက်တော့ရှက်မိပါသည်။

ကမ္ဘာမြေက မကြီးတို့ ပြောတုန်းက ကြားသာကြားခဲ့ရပြီး ခုကျမှ တကယ့်ကို ခပ်ကြောင်ကြောင်လေးမှန်းသိတော့တယ်ဆိုသည့် မျက်လုံးမျိုးနှင့် မိန်းကလေးမျက်နှာလေးရှေ့ကို ခါးကိုင်းကြည့်သည်။

"ရှင်းပါပြီ ခင်ဗျားဖြေမှ ပဲ အားလုံးရှင်းသွားပါပြီ"

"ရှင်"

"ရှင်မနေနဲ့ မနက်က မီးဖိုချောင် ဘယ်သူဝင်သွားလဲ"

"နူးနူးဝင်မလို့ ဟာ မိန်းကလေးဝင်မယ်ဆိုပြီး သူထွက်သွားတာပါ။ အဲဒါ နူးနူးမှာ သွားပါတယ် ညက ကိုကိုဗိုက်အောင့်နေတယ်တဲ့ ။ နိုးလာရင် ဘာစားမယ်မသိဘူးတဲ့ ဒါပဲပြောတယ်"

"ဩော် . . . ဩော်"

"မိန်းကလေးလည်း ဘာလုပ်ထားရမှန်းမသိတော့"

"တော်ပြီ . . . ပေါင်မုန့်ပဲ မီးကင်ပေး"

"ဟုတ်ကဲ့"

ကမ္ဘာမြေထိုင်စောင့်နေလိုက်သည် ။

ဟုတ်ကဲ့ဟု ဆိုပြီး ပေါင်မုန့်လည်း မီးကင်တတ်ပုံမရ၊

သံညှပ်ပေါ်မှာ ပေါင်မုန့်ကမည်းနေပြီ၊

ညှော်နံ့တွေလည်း ထွက်နေပြီ၊

သူ့မျက်နှာမှာ လည်း ချွေးတွေနစ်နေပြီ၊

လုပ်ပါစေ . . .

ခပ်မဲ့မဲ့ပြုံး၍ သူစိမ်ပြေနပြေကြည့်နေလိုက်သည် ၊ ပေါင်မုန့်နှစ်ချပ်ဘေးရောက်သွားသည် ၊ သွားပြီ။

မိန်းကလေး နဖူးကချွေးကို လက်မောင်းနှင့် ပွတ်ချကာ သူ့ကိုလှမ်းခိုးကြည့်သည် ။

မျက်နှာလွှဲနေလိုက်ရပေမယ့် ချွေးတွေကို စိခနဲပွတ်သုတ်ပစ်လိုက်

တာ မြင်သဖြင့် ကမ္ဘာမြေမျက်နှာရှုံ့တွသွားသည် ။

ရှုံ့လိုက်ပါဘိ . . .

နောက်ထပ်ညှော်နံ့ထွက်လာပြန်သည် ။

သူမနေသာတော့ . . .

ကြည့်နေလို့ ကတော့ ဒီမနက်စာ စားရဖို့ မမြင်၊

"ကဲ ဖယ်တော့ ဖယ်တော့ ရှစ်နာရီထိုးတော့မယ် ဒီမနက်စာငတ်ဖို့က ရှစ်ဆယ်ရာနှုန်းဖြစ်နေပြီ"

ကမ္ဘာမြေ မျက်နှာကိုစူပုပ်မည်းမှောင်ကာ ပေါင်မုန့်ထပ်လှီး ကိုယ့်ဟာကိုယ်ကင်!

ပြီးတော့ ထောပတ်သုတ်၍ နှစ်ချပ်ပူးပြီး ကိုက်စားလိုက်၏။ စာနေရင်း ကော်ဖီဖျော်သည် ။

ဖျော်ပြီးသည် နှင့် ပေါင်မုန့်ဝါးရင်း ကော်ဖီကိုမော့သောက်လိုက်သည် ၊ စားပြီး လက်သုတ်ပဝါနှင့် ပါးစပ်သုတ်လိုက်၏။

"ရော့ ဒီမှာ ပေါင်မုန့်သုံးချပ်ရှိသေးတယ် မင်းလက်တွေကို သွားဆေးပြီးတော့ စားလိုက်ဦး တကယ်ပဲရှားတယ်"

ကမ္ဘာမြေထွက်သွားတော့ မိန်းကလေး မီးကျွမ်းသွားသည့်ပေါင်မုန့်တွေကို ကြည့်လိုက်၊ ပန်းကန်ထဲက မီးကင်ပြီးသား ပေါင်မုန့်တွေကိုကြည့် လိုက်နှင့် မျက်ရည်လေးတွေလည်လာသည် ။

သူမဘဝနိမ့်ကျနွမ်းပါးခဲ့ရသည့်အဖြစ်ဟာ ဒီတိုက်ကြီးတစ်တိုက်လုံးရဲ့ မီးဖိုချောင်လေးထဲက ပစ္စည်းတွေကိုတောင်မှ နေရာတကျမသုံးစွဲတတ် တဲ့ အဖြစ်။

ရှက်၍ မဟုတ်သော်လည်း ကိုယ့်ကိုကူညီကယ်ထင်ထားသည့် အရိပ်တစ်ခုရဲ့ ကျေးဇူးကို တာဝန်ကျေပွန်ခြင်းဖြင့် ကျေးဇူးဆပ်ချင်မိ၏။

နေရာတကာ သိတတ်ချင်သည် ။

ခုတော့ . . .

****